ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ဥစားကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်

# Good Animal Husbandry Practices (Layer)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ရက်

# ဥစားကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်

# Good Animal Husbandry Practices (Layer)

## ၁။ မွေးမြူရေးခြံ

### ၁.၁ နေရာ

၁.၁.၁ မွေးမြူရေးခြံအဖြစ် ဆောက်လုပ်ရန် တရားဝင်ခွင့်ပြုထားသည့် မြေဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရမည်။ လူနေအိမ်များနှင့် နီးကပ်ခြင်းမရှိစေရ။

၁.၁.၂ လျှပ်စစ်ဓာတ်အားရရှိပြီး၊ ရေအရင်းအမြစ်နှင့် လမ်းပန်း ဆက်သွယ်ရေးအဆင်ပြေသည့် နေရာတွင်ရှိရမည်။

၁.၁.၃ ရာသီအလိုက် ရွှေ့ပြောင်းသွားလာမှုရှိသည့် ဆောင်းခိုငှက်ကဲ့သို့ တောရိုင်းငှက်များနှင့် ထိစပ်မှုမရှိသည့်နေရာဖြစ်ရမည်။

၁.၁.၄ ရေကြီးခြင်းနှင့် ရေလွှမ်းမိုးခြင်းမရှိနိုင်သည့်နေရာတွင် ရှိရမည်။

၁.၁.၅ သားသတ်ရုံများ၊ အခြားတိရစ္ဆာန်များကိုသတ်သည့်နေရာ၊ တိရစ္ဆာန် အရှင်ဈေးကွက်နှင့် အနည်းဆုံး (၃) မိုင် အကွာအဝေးရှိရမည်။

၁.၁.၆ ဘေးအန္တရာယ်ရှိစေသည့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဓာတုဗေဒ ပစ္စည်းများနှင့် အဏုဇီဝပိုးမွှားများမှ ကင်းဝေးရမည်။

### ၁.၂ မွေးမြူရေးခြံပုံစံ

၁.၂.၁ အလုပ်သမားနားနေခန်း၊ သန့်စင်ခန်း၊ စွန့်ပစ်ပစ္စည်းထားရှိသည့် နေရာ၊ အသေကောင်ဖျက်ဆီးသည့်နေရာ၊ အစာသိုလှောင်ရုံ၊ ဆေးဝါးသိုလှောင်ခန်းနှင့် ကြက်ဥသိုလှောင်ရုံတို့အား စနစ်တကျ ဖွဲ့စည်းထားရှိရမည်။

၁.၂.၂ လေဝင်လေထွက်ကောင်းပြီး အလွယ်တကူ သန့်ရှင်းဆေးကြော နိုင်သည့်ပုံစံရှိရမည်။ ခြံအဆောက်အဦသည် အရှေ့အနောက် အလျားလိုက် တည်ဆောက်ထားရှိရမည်။

၁.၂.၃ ကြက်ရုံတစ်ရုံနှင့် တစ်ရုံသည် ရှေ့နောက် / ဝဲယာပေ (၅၀) အကွာ အဝေးရှိရမည်။

၁.၂.၄ ခြံစည်းရိုးသည် လုံခြုံစိတ်ချရပြီး မွေးမြူရေးခြံအဆောက်အဦ နှင့် လုံလောက်သောအကွာအဝေး ရှိရမည်။

၁.၂.၅ ခြံအဝင်ဂိတ်ပေါက်နှင့် အထွက်ဂိတ်ပေါက် သီးခြားထားရှိပြီး အဝင် ဂိတ်တွင် ပိုးသန့်စင်ဆောင်ရွက်နိုင်ရန် စီမံထားရှိရမည်။

၁.၂.၆ ရုံတစ်ခုချင်းအတွက် ပိုးသန့်စင်နိုင်ရေးအတွက် စီမံဆောင်ရွက် ထားရမည်။

၁.၂.၇ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးအောင် စနစ်တကျစီမံထားရှိ ရမည်။

၁.၂.၈ အရေးပေါ်အခြေအနေများအတွက် ကွပ်ကဲနိုင်အောင် စီမံထားရှိ ရမည်။

၁.၂.၉ ခြံအဝင်လမ်း၊ အထွက်လမ်းနှင့် ခြံအတွင်းလမ်းများသည် လုံလောက်သော အကျယ်အဝန်းရှိရမည်။

## ၁.၃ မွေးမြူရေးခြံအဆောက်အဦ

၁.၃.၁ မွေးမြူရေးခြံအဆောက်အဦသည် မွေးမြူမည့်စနစ်၊ တိရစ္ဆာန် အမျိုးအစား၊ အရွယ်အစားအလိုက် သတ်မှတ်ထားသည့်ပုံစံဖြစ် ရမည်။ လေဝင်လေထွက်ကောင်းရမည်၊ လုံခြုံသည့်အမိုးအကာ ဖြစ်ရမည်။

၁.၃.၂ မွေးမြူရေးခြံအဆောက်အဦပုံစံသည် ဇီဝလုံခြုံမှုနည်းလမ်းအရ သန့်ရှင်းသောနေရာမှ မသန့်ရှင်းသောနေရာသို့သာ သွားရမည် ဟူသော ညွှန်ကြားချက်နှင့် ကိုက်ညီသည့်ပုံစံဖြစ်ရမည်။

## ၂။ အစာနှင့် ရေ

### ၂.၁ အစာဖြည့်ဆည်းခြင်း

၂.၁.၁ ကျွေးမွေးသည့်အစာများသည် ကောင်းမွန်သော ထုတ်လုပ်ခြင်း နည်းစနစ်များကျင့်သုံးသည့် အစာစက်ရုံများမှ ထုတ်လုပ်သည့် အစာများကို အသုံးပြုသင့်သည်။

၂.၁.၂ မွေးမြူရေးအစာတွင် အသုံးပြုရန်မသင့်တော်သည့် ဆေးဝါး များ၊ ဓာတုပစ္စည်းများနှင့် အခြားပါဝင်ပစ္စည်းများ ပါဝင်မှု မရှိစေရ။

၂.၁.၃ အရည်အသွေးပြည့်မီသည့် အစာကုန်ကြမ်းများ ရောစပ်ကျွေးမွေး ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များရယူသင့် သည်။

၂.၁.၄ အစာထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ကျွေးမွေး ခြင်းစသည့်အဆင့်တိုင်းတွင် ဓာတုဗေဒပစ္စည်းများ နှင့် အဏုဇီဝပိုးမွှားများ၏ ဘေးအန္တရာယ်များကင်းစင်အောင် ဆောင်ရွက်ခြင်း နှင့် အစာအရည်အသွေးပျက်ယွင်းမှုမရှိအောင် ဆောင်ရွက်ရမည်။

၂.၁.၅ အစာကို သက်ဆိုင်ရာလမ်းညွှန်ချက်အတိုင်း သုံးစွဲရမည်ဖြစ်ပြီး လေဝင်လေထွက် ကောင်းမွန်သည့် နေရာတွင် စနစ်တကျ သိုလှောင်ထားရှိရမည်။

## ၂.၂ မွေးမြူရေးသုံးပစ္စည်းများနှင့် ဓာတုပစ္စည်းများစာရင်းပြုစုခြင်း

၂.၂.၁ မွေးမြူရေးခြံတွင် မှတ်ပုံတင်/ခွင့်ပြု/တားမြစ်ထားသော မွေးမြူရေးသုံးပစ္စည်းများ စာရင်းရှိရမည်။

၂.၂.၂ မွေးမြူရေးခြံတွင် မှတ်ပုံတင်/ခွင့်ပြု/ တားမြစ် ဓာတုပစ္စည်းများ စာရင်းကို ပြုစုထားရှိရမည်။

## ၂.၃ ရေအရည်အသွေး

၂.၃.၁ သန့်ရှင်းသောသောက်သုံးရေဖြစ်ရမည်။

၂.၃.၂ အသုံးပြုသောရေတွင် ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးများနှင့် ဓာတ်သတ္တုများပါဝင်မှုသည် ဘေးအန္တရာယ်ကင်းရှင်းသော အခြေအနေတွင်ရှိရမည်။

၂.၃.၃ ရေသန့်စင်သည့်စနစ်ကို အသုံးပြုခဲ့လျှင် စံချိန်စံညွှန်းနှင့်အညီသုံးစွဲပြီး မွေးမြူသည့်အကြိမ်တိုင်း ပုံမှန်စစ်ဆေးရမည်။

၂.၃.၄ ရေပြုပြင်သုံးစွဲပါက နေ့စဉ်စစ်ဆေးပေးရန်လိုအပ်ပြီး မှတ်တမ်းထားရှိရမည်။

၂.၃.၅ ရေတွင် E.coli နှင့် Fecal Coliform ကဲ့သို့သော ရောဂါပိုးမွှားများပါဝင်မှုကို ပုံမှန်စစ်ဆေးရမည်။

# ၃။ မွေးမြူရေးခြံစီမံခန့်ခွဲခြင်း

## ၃.၁ မွေးမြူရေးခြံလက်စွဲစာအုပ်

၃.၁.၁ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရေးဆွဲထုတ်ပြန်ထားရှိရမည်။

၃.၁.၂ မွေးမြူရေးခြံစီမံခန့်ခွဲခြင်း လုပ်ငန်းများကို မှတ်တမ်းထားရှိပြီး ကြည့်ရှုစစ်ဆေးခံနိုင်ရမည်။

၃.၁.၃ မွေးမြူရေးခြံတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံရှိရမည်။

၃.၁.၄ ဇီဝလုံခြုံမှုကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

## ၃.၂ မွေးမြူရေးလုပ်ကိုင်သူများ

၃.၂.၁ မွေးမြူရေးလုပ်ကိုင်သူများသည် ကျန်းမာရေးကောင်းမွန်ရမည်ဖြစ်ပြီး နှစ်စဉ် ကျန်းမာရေးစစ်ဆေးရမည်။

၃.၂.၂ မွေးမြူရေးခြံပိုင်ရှင်သည် မွေးမြူရေးခြံကို အလုပ်သမားများအတွက် သေားအန္တရာယ်ကင်းရှင်းမှုရှိစေရန်နှင့် ကျန်းမာရေးအတွက် ကောင်းမွန်သော အခြေအနေတွင် ထားရှိရမည်။ အရေးပေါ်အခြေအနေနှင့် မတော်တဆကိစ္စရပ်များတွင် ဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို ရှင်းလင်းစွာ ချမှတ်ထားရမည်။ ရှေးဦးသူနာပြု ပစ္စည်းများနှင့် မီးသတ်ဆေးဘူးများ အလွယ်တကူ ရနိုင်သော နေရာတွင် ထားရှိရမည်။

၃.၂.၃ မွေးမြူရေးခြံပိုင်ရှင်သည် မတော်တဆထိခိုက်မှုများကို သက်ဆိုင်ရာ သို့အကြောင်းကြားရမည်။

၃.၂.၄ မွေးမြူရေးခြံပိုင်ရှင်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမား များအဖွဲ့အစည်း၏ ကလေးသူငယ်အသုံးပြုမှုဆိုင်ရာ သတ်မှတ်ချက်အတိုင်း လိုက်နာရမည်။

## ၃.၃ ကျွမ်းကျင်မှု

၃.၃.၁ မွေးမြူရေးလုပ်သားများသည် ဆောင်ရွက်ရမည့် အလုပ်တာဝန်များအလိုက် ကျွမ်းကျင်မှုရှိရမည်။ ခြံသန့်ရှင်းရေး၊ တကိုယ်ရေကျန်းမာရေး၊ တိရစ္ဆာန်များကိုင်တွယ်ခြင်းနှင့် သက်သာချောင်ချိခြင်း၊ မျိုးထုတ်လုပ်သည့်အစီအစဉ်၊ ဆေးဝါးရောစပ်ခြင်းနှင့် သီးသန့်ခွဲခြားထားခြင်း စသောလုပ်ငန်းစဉ်များကို လေ့ကျင့်ထားပြီးဖြစ်ရမည်။

၃.၃.၂ မွေးမြူရေးလုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှုအား ပုံမှန်စစ်ဆေးရမည်။

၃.၃.၃ မွေးမြူရေးခြံ၌ တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် မွေးမြူရေးအကြံပေး အပါအဝင် လုံလောက်သော ဝန်ထမ်းများ၊ လုပ်သားများနှင့် အမှုထမ်းများထားရှိရမည်။

## ၃.၄ တကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

၃.၄.၁ မွေးမြူရေးခြံလုပ်သားများသည် သင့်တော်သည့် အကာအကွယ် အဝတ်အစားများနှင့် ဖိနပ်များကိုဝတ်ဆင်ထားရမည်။ လိုအပ်လျှင် မျက်နှာဖုံးကိုတပ်ဆင်ရမည်။

၃.၄.၂ ခြံတွင် အသက်အရွယ်မတူညီသည့် အုပ်စုများမွေးမြူထားလျှင် ခြံ လုပ်သားများသည် အုပ်စုတစ်စုမှတစ်စုသို့ သွားလာခြင်းကို ရှောင် ကျဉ်ရမည်။ လုပ်ငန်းလုပ်ဆောင်ရာတွင် သန့်ရှင်းသော နေရာ၌ ဦးစွာလုပ်ဆောင်ပြီးမှ မသန့်ရှင်းသောနေရာတွင် လုပ်ဆောင် ရမည်။ မသန့်ရှင်းသောနေရာမှ သန့်ရှင်းသောနေရာသို့ သွားရောက် လုပ်ဆောင်ခြင်း လုံးဝမပြုလုပ်ရ။

၃.၄.၃ မွေးမြူရေးခြံလုပ်သားများသည် လုပ်ငန်းခွင်သို့ အန္တရာယ်ရှိသော အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာခြင်းမပြုရ။

၃.၄.၄ မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်သည့် အကြိမ်တိုင်းတွင် လုံလောက်သောပိုးသတ်သန့်စင်ခြင်းကို ဆောင်ရွက်ပြီးမှ ဝင်ရောက် ရမည်။

## ၃.၅ မွေးမြူရေးခြံအထွေထွေသန့်ရှင်းမှု

၃.၅.၁ သန့်ရှင်းရန်နှင့် ဆေးကြောရန် အသုံးပြုသည့် ဓာတုပစ္စည်း များသည် ခွင့်ပြုထားသည့် ဓာတုပစ္စည်းများဖြစ်ရမည်။

၃.၅.၂ သန့်ရှင်းရန်နှင့်ဆေးကြောရန်အတွက် သင့်လျော်သော ပစ္စည်း ကိရိယာများ ထားရှိရမည်။

၃.၅.၃ သန့်စင်ခြင်းနှင့်ပိုးသတ်ခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်ရမည်။

၃.၅.၄ အစာခွက်၊ ရေခွက်များသန့်ရှင်းမှုရှိရမည်။ ကြက်ခြံ/ ကြက်ရုံများ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ကောင်းမွန်စွာ ဆောင်ရွက်ရမည်။ အသုံးအဆောင်ပစ္စည်းများနှင့် အဆောက်အဦများ ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရမည်။

၃.၅.၅ ကြက်ဥဗန်းများနှင့် ကွန်တိန်နာများကို ကြက်ခြံအတွင်း ထည့်သွင်းအသုံးမပြုမီ သန့်ရှင်းခြင်းနှင့် ပိုးသတ်ဆေးဖြန်းခြင်းများ ဆောင်ရွက်ရမည်။

၃.၅.၆ ကြက်တစ်သုတ်ထုတ်ပြီးတိုင်း ခြံနှင့်အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းရေး ဆောင်ရွက်ရမည်။ အသုတ်သစ်မထည့်မီ ခြံကိုအနည်းဆုံး (၁၄) ရက် အနားပေးရမည်။ သို့မဟုတ် ဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

## ၃.၆ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲခြင်း

၃.၆.၁ စပါးခွံကဲ့သို့ အခင်းများ၊ အန္တရာယ်ရှိသည့်ပစ္စည်းများနှင့် စွန့်ပစ်ရေဆိုးကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်ပစ်ရမည်။

၃.၆.၂ ဓာတုဆေးကြွင်းများ (ရက်လွန်ပိုးသတ်ဆေး/ပေါင်းသတ်ဆေး) နှင့် အမှိုက်များကို သတ်မှတ်ထားသည့် နည်းလမ်းများ အတိုင်း စွန့်ပစ်ရမည်။

၃.၆.၃ ရောဂါဖြင့်သေဆုံးကြက်များကို မြေမြှုပ်ခြင်း (သို့မဟုတ်) မီးရှို့ဖျက်ဆီးခြင်းတို့ကို ဌာနမှသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း များအတိုင်း ပြုလုပ်ရမည်။

၃.၆.၄ စွန့်ပစ်ပစ္စည်းများစုပုံသည့်နေရာသည် မွေးမြူရေးခြံနှင့် ရေစီးရေလာမြောင်းတို့နှင့်ဝေးကွာ၍ မိုးရွာသည့်အခါတွင် ရေထဲမျောပါမသွားအောင် စီမံထားရှိရမည်။

၃.၆.၅ မိလ္လာကန်ကို ပြုပြင်ထိန်းသိမ်းထားရှိရမည်။

၃.၆.၆ ရေဆိုးကန်သည် မွေးမြူရေးခြံနှင့်ဝေးကွာ၍ လျှံထွက်ခြင်းမရှိအောင် စီမံထားရှိရမည်။

၃.၆.၇ မွေးမြူရေးခြံမှ နေ့စဉ်ထွက်ရှိသည့် လုပ်ငန်းသုံးစွန့်ပစ်ရေများကို ပြုပြင်၍ စနစ်တကျ စွန့်ပစ်ရမည်။

## ၃.၇ ပိုးမွှားတိရစ္ဆာန်များကိုထိန်းချုပ်ခြင်း

၃.၇.၁ မွေးမြူရေးခြံဧရိယာအတွင်းသို့ ပိုးမွှားနှင့် ပြင်ပတိရစ္ဆာန်များ ဝင်ရောက်ခြင်းမရှိအောင် စီမံထားရှိရမည်။

၃.၇.၂ မွေးမြူရေးခြံ၌ ကြွက်၊ အင်းဆက်ကဲ့သို့သော ပိုးမွှားတိရစ္ဆာန်များကိုကာကွယ်သည့် အစီအမံများထားရှိရမည်။

၃.၇.၃ ပိုးမွှားတိရစ္ဆာန်များ ထိန်းချုပ်ရာတွင် ခွင့်ပြုထားသည့် ဓာတုပစ္စည်းများနှင့် ထောင်ချောက်များကိုသာ အသုံးပြုရမည်။

# ၄။ မွေးမြူရေးကြက်များ၏ ကျန်းမာရေးစီမံခန့်ခွဲခြင်း

## ၄.၁ ကြက်အသစ်သွင်းခြင်း

၄.၁.၁ ဦးစီးဌာန သို့မဟုတ် အသိအမှတ်ပြု တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ ကျန်းမာကြောင်းထောက်ခံချက်ပါရှိမှသာ မွေးမြူရမည်။

၄.၁.၂ ရောဂါကူးစက်မှုမှကာကွယ်ရန် အသစ်ရောက်ရှိလာသော ကြက်များကို ရှိရင်းစွဲကြက်များနှင့် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအထိ သီးသန့်ခွဲခြားထားရှိရမည်။

၄.၁.၃ ကြက်တစ်သုတ်ခြင်း မွေးမြူထားရှိမှုအား မှတ်တမ်းထားရှိရမည်။

## ၄.၂ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ထိန်းချုပ်ခြင်း

၄.၂.၁ ဦးစီးဌာနမှထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုး အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ဦးစီးဌာနမှ ခွင့်ပြုထားသည့် ကာကွယ်ဆေးများကိုသာ အသုံးပြုရမည်။

၄.၂.၂ သန်ချရန်လိုအပ်ပါက သန်ချဆေးပေးသည့် အစီအစဉ်များ ရေးဆွဲ ထားရှိရမည်။

၄.၂.၃ မွေးမြူရေးကြက်များ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေး၊ မှတ်တမ်းတင်ထားရှိရမည်။

၄.၂.၄ ရောဂါဖြစ်ပွားသည်ဟုသံသယရှိသည့် ကြက်များကို သီးသန့် ခွဲခြားထားရှိရမည့်နေရာ၌ ထားရှိပြီး ရောဂါဖြစ်ပွားခဲ့ပါက သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ရှင်းလင်းရမည်။

၄.၂.၅ ရောဂါထိန်းချုပ်ရန်အတွက် အသုံးပြုသည့် ပဋိဇီဝဆေးဝါးများနှင့် ဆေးဝါးပါဝင်သည့် အစာများသည် ဦးစီးဌာနမှ ခွင့်ပြုထားသည့် ဆေးဝါးများဖြစ်ရမည်။

၄.၂.၆ ဆေးကုသထားသည့် ကြက်နှင့် ကြက်ထွက်ပစ္စည်းများကို စားသုံးရန်နှင့်ရောင်းချရန်အတွက် တိရစ္ဆာန်ဆေးကုဆရာဝန်မှ ဆေးကြွင်း ပါဝင်မှုကာလကို ဆုံးဖြတ်၍ စားသုံးရန်သင့်ပါက ခွင့်ပြုချက် ထုတ်ပေးရမည်။

## ၄.၃ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးခြင်း

၄.၃.၁ ဦးစီးဌာနအသိအမှတ်ပြုဓာတ်ခွဲခန်းမှ ပုံမှန်စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်းတို့ ကိုပြုလုပ်ရမည်။

၄.၃.၂ ကူးစက်ရောဂါဖြစ်ပွားခဲ့ပါက ဦးစီးဌာနရောဂါရှာဖွေရေး ဓာတ်ခွဲခန်းမှစစ်ဆေးပြီး ရောဂါကာကွယ်ထိန်းချုပ်ခြင်းကို ဆောင်ရွက်ရမည်။

## ၄.၄ သံသယဖြစ်ဖွယ်ရောဂါဖြစ်ခဲ့လျှင် ဆောင်ရွက်ရမည့်နည်းလမ်း

၄.၄.၁ အကယ်၍ သံသယဖြစ်ဖွယ် ကူးစက်စေနိုင်သောရောဂါများ ကျရောက်ခဲ့ပါက ဦးစီးဌာနမှထုတ်ပြန်ထားသည့် ကူးစက်ရောဂါထိန်းချုပ်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး

လုပ်နည်းများနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄.၄.၂ ဦးစီးဌာနမှချမှတ်ထားသည့် အရေးပေါ်ဇီဝလုံခြုံရေး လုပ်ငန်းစဉ် များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရမည်။

## ၄.၅ ကုသခြင်း

၄.၅.၁ ခြံမှခန့်အပ်ထားသော တိရစ္ဆာန်ဆေးကုဆရာဝန်သည် ဦးစီးဌာနမှ ခွင့်ပြုထားသောဆေးဝါးများကိုသာ အသုံးပြုရမည်။

၄.၅.၂ မွေးမြူရေးခြံ၌ ဝယ်ယူသုံးစွဲသည့်ဆေးဝါးများနှင့် ကုသသည့် ဆေးဝါးများကို ဦးစီးဌာနမှ စစ်ဆေးနိုင်ရန် မှတ်တမ်းထားရှိရမည်။

# ၅။ ဥကြက်မများကိုစီမံခန့်ခွဲခြင်း

## ၅.၁ ဥစမ်းကြက်များစီမံခန့်ခွဲခြင်း

၅.၁.၁ ဥစမ်းကြက်များ၏ ကျန်းမာရေးအခြေအနေ၊ အရွယ်အစားနှင့် အလေးချိန်ကို ပျမ်းမျှကောက်ယူ စစ်ဆေးရမည်။

၅.၁.၂ ကြက်မဒါန်းများကို ကျန်းမာရေးအခြေအနေ၊ အရွယ်အစားနှင့် အလေးချိန်အရ ခွဲခြားမွေးမြူရမည်။

## ၅.၂ ကြက်ဥများစီမံခန့်ခွဲခြင်း

၅.၂.၁ တစ်ရက်လျှင် အနည်းဆုံး(၂) ကြိမ် ကောက်ယူရမည်။

၅.၂.၂ ပုံသဏ္ဍာန်မမှန်သော ကြက်ဥများ၊ အက်နေသောကြက်ဥ (သို့မဟုတ်) ကွဲနေသော ကြက်ဥများကို ပယ်ရမည်။ မြေကြီးနှင့် အညစ်အကြေး ပေနေသော ကြက်ဥများကို သီးခြားခွဲပြီး သန့်ရှင်းရေး ဆောင်ရွက်ရမည်။

၅.၂.၃ ကြက်ဥများကို အရိပ်ရပြီး လေဝင်လေထွက်ကောင်းမွန်သော နေ ရာ (သို့မဟုတ်) အပူချိန် ထိန်းသိမ်းထားသောအခန်းအတွင်း ထားရှိရမည်။

၅.၂.၄ သန့်ရှင်းပြီးကြက်ဥများကို အပူချိန်ထိန်းချုပ်နိုင်သည့် မော်တော်ယာဉ်ဖြင့် သယ်ဆောင်ရမည်။

## ၆။ တိရစ္ဆာန်အခွင့်အရေးလိုက်နာဆောင်ရွက်မှု

၆.၁.၁ မွေးမြူရေးကြက်များ၏ သက်သာချောင်ချိရေးကို ဦးစားပေးစဉ်းစားရမည်။ ထိခိုက် အနာတရဖြစ်နေသော ကြက်များကို ခံစား သည့်ဝေဒနာသက်သာအောင် ကုသပေးရမည်။

၆.၁.၂ မွေးမြူရေးကြက်များကို အစာ၊ ရေနှင့် လုံလောက်သော အကျယ် အဝန်းရအောင် စီစဉ်ထားရှိရမည်။

## ၇။ သယ်ဆောင်ခြင်းနှင့် သိုလှောင်ရုံ

### ၇.၁ သယ်ဆောင်ခြင်း

၇.၁.၁ ကြက်များကို သယ်ဆောင်ရာတွင် ခရီးစဉ်အစမှအဆုံး ဖိစီးမှုကင်းဝေး စေရန်နှင့် ထိခိုက်အနာတရမရှိစေရန် ဆောင်ရွက်ရမည်။

၇.၁.၂ သယ်ယူပို့ဆောင်သည့်ယာဉ်ကို အသုံးမပြုခင် ဆေးကြောသန့်စင်ရမည်။

၇.၁.၃ ကြက်များ သယ်ဆောင်ခြင်းအတွက် သတ်မှတ်ထားသည့်ယာဉ်အမျိုးအစားကိုသာ အသုံးပြုရမည်။

၇.၁.၄ ကြက်များကိုသယ်ဆောင်ရာတွင် အပူဒဏ်မှ ကင်းလွတ်အောင် အေးသောအချိန်တွင် သယ်ယူပို့ဆောင်ရမည်။

၇.၁.၅ ကြက်ပေါက်ငယ်များကို သင့်တော်သော စက္ကူဘူးတွင် ထားရှိရမည်။ ကြပ်တည်းစွာမထားရှိရ။

၇.၁.၆ ကြက်အမျိုးအစား၊ အရွယ်အစား၊ အထီး၊ အမ၊ အသက်အရွယ် အလိုက် သီးသန့်ခွဲခြားထားရှိ သယ်ဆောင်ရမည်။

၇.၁.၇ သယ်ယူပို့ဆောင်ခွင့်ရရှိရန်အတွက် ဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာကြောင်းထောက်ခံချက်ကို ကြိုတင်ရယူထားရှိရမည်။

### ၇.၂ သိုလှောင်ရုံ

၇.၂.၁ မွေးမြူရေးခြံများတွင် သိုလှောင်ရုံများ စနစ်တကျထားရှိရမည်။

၇.၂.၂ သိုလှောင်ရုံသည် အစဉ်သန့်ရှင်းနေရမည်။

၇.၂.၃ သိုလှောင်ရုံသည် ခြောက်သွေ့၍ လေဝင်လေထွက်ကောင်းပြီး ပိုးမွှားတိရစ္ဆာန်များ၏ အန္တရာယ်မှကင်းဝေးရမည်။

၇.၂.၄ အစာသိုလှောင်ထားရှိရာတွင် တစ်သုတ်ဝင် တစ်သုတ်ထွက်စနစ် ကျင့်သုံးသင့်သည်။

## ၈။ မှတ်တမ်းသိမ်းဆည်းခြင်း

၈.၁ သယ်ယူပို့ဆောင်မှုမှတ်တမ်း

၈.၂ သိုလှောင်မှုမှတ်တမ်း

၈.၃ အစာမှတ်တမ်း

၈.၄ တိရစ္ဆာန်ကျန်းမာရေးအခြေအနေ (ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးကုသခြင်း) မှတ်တမ်း

၈.၅ အလုပ်သမားများကျန်းမာရေးမှတ်တမ်း

၈.၆ ဧည့်မှတ်တမ်း

၈.၇ မျိုးမှတ်တမ်း

၈.၈ ဓာတ်ခွဲစစ်ဆေးချက်မှတ်တမ်း

၈.၉ သန့်စင်ဆေးကြောသည့်မှတ်တမ်း

၈.၁၀ ပိုးမွှားတိရစ္ဆာန်ထိန်းချုပ်ခြင်းမှတ်တမ်း

၈.၁၁ သင်တန်းပေးခြင်းမှတ်တမ်း

၈.၁၂ စွန့်ပစ်ပစ္စည်းစီမံထားရှိမှုမှတ်တမ်း

၈.၁၃ ထုတ်လုပ်မှုမှတ်တမ်း

၈.၁၄ ရရှိ/ထုတ်ပေးလယ်ဂျာမှတ်တမ်း

၈.၁၅ ရာဇဝင်မှတ်တမ်း (တိရစ္ဆာန်၊ ထုတ်လုပ်သည့်နေ့၊ အသုတ်၊ ဝယ်သူမှတ်တမ်း စသဖြင့်) မှတ်တမ်းများအားလုံးကို ဌာန၏သတ်မှတ်ချက်ဖြင့် အချိန်တစ်ခုအတွင်းသော်လည်းကောင်း အနည်းဆုံး (၃) နှစ်သော်လည်းကောင်း ထိန်းသိမ်းထားရှိရမည်။